# Hobsons Bay (ဟော့ဘ်ဆန်စ် ဘေး) နေထိုင်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက်

# ငွေရေးကြေးရေးထောက်အပံ့ ရရှိနိုင်ပါသည်။

သင့်၌ ငွေရေးကြေးရေး အကျပ်အတည်းဖြစ်နေ၍ သင်၏ အိမ်၊ စီးပွားရေးလုပ်ငန်း၊ အားကစား အသင်း/အဖွဲ့ သို့မဟုတ် လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းဖြင့် စပ်ဆိုင်ရာ အခွန်များ၊ အတိုးနှုန်း၊ အခကြေးငွေများနှင့် တောင်းခံငွေများကို သင် မပေးဆောင်နိုင်တော့လျှင် သင်သည် ငွေရေးကြေးရေးအကူအညီရရန်အတွက် လျှောက်ထားနိုင်ပါသည်။

လူတစ်ဦးချင်း၊ လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများ၊ အားကစား အသင်း/အဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းများသည် ကောင်စီ၏ ငွေရေးကြေးရေး ကျပ်တည်းမှုဆိုင်ရာ မူဝါဒ သို့မဟုတ် COVID-19 ငွေရေးကြေးရေး အထောက်အပံ့ဆိုင်ရာ မူဝါဒအရ အကူအညီရရန်အတွက် လျှောက်ထားနိုင်ပါသည်။

အလုပ်လက်မဲ့ဖြစ်သွားခြင်း၊ ဖျားနာခြင်း၊ မိသားစု ပြိုကွဲသွားခြင်း၊ အိမ်ထောင်ဖက် ဆုံးပါးသွားခြင်း၊ ဝင်ငွေနည်းပါးသွားခြင်း၊ ဝင်ငွေဆုံးရှုံးသွားခြင်းတို့သည်လည်းကောင်း၊ ကမ္ဘာအနှံ့ဖြစ်ပွားနေသည့် COVID-19 ရောဂါကဲ့သို့သော သေရေးရှင်ရေးကိစ္စမျိုးကြောင့် ပေါ်ပေါက်လာသည့် အခြားသိသာထင်ရှားသော ဘဝဆိုးကျိုးဖြစ်ရပ်သည်လည်းကောင်း ငွေရေးကြေးရေး ကျပ်တည်းမှုကို ဖြစ်စေနိုင်ပါသည်။

မူဝါဒ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အခွန်များ၊ ဒဏ်ငွေ၊ အတိုးနှုန်း၊ အခကြေးငွေများနှင့် တောင်းခံငွေများကို ရွှေ့ဆိုင်းနိုင်ပြီး တတ်နိုင်သော ငွေပေးချေမှုအစီအစဉ်များကို စေ့စပ်ညှိနှိုင်းပေးနိုင်ပါသည်။

## အဆင့်များ

1. ငွေရေးကြေးရေးအကူအညီ တောင်းခံသည့် အွန်လိုင်းလျှောက်လွှာကို ကောင်စီ၏ **www.hobsonsbay.vic.gov.au/financialassistance** ဝက်ဘ်ဆိုက်မှတဆင့် ဖြည့်စွက်ပါ။
2. ဝန်ဆောင်မှု အဖွဲ့အစည်းသည် လျှောက်လွှာကို လျှို့ဝှက်စွာ ကူညီဖြည့်စွက်ပေးနိုင်ပါသည်။ မိမိတို့၏ မူရင်းဘာသာစကားဖြင့် အကူအညီလိုအပ်ကြသည့် နေထိုင်သူများသည် ကောင်စီ၏ ဘာသာစကားဆိုင်ရာ ဖုန်း 9932 1212 ကို ဆက်၍ စကားပြန်တောင်းခံနိုင်ပါသည်။ ဤအချက်အလက်စာစောင်ကို ဘာသာစကား ၁၅ မျိုးဖြင့်လည်း ဘာသာပြန်ထားပြီးဖြစ်၍ **www.hobsonsbay.vic.gov.au/financialassistance** ၌ ရရှိနိုင်ပါသည်။
3. သင့်လျှောက်လွှာကို ထောက်ကူပေးရန်အတွက် သင်၏ ဘဏ်စာရင်းရှင်းတမ်း နှင့် Centrelink နှင့်/သို့မဟုတ် အခွန်ဆိုင်ရာ အချက်အလက်များကဲ့သို့သော ပံ့ပိုးပေးမည့် အချက်အလက်များကို တင်ပြရမည်ဖြစ်ပါသည်။
4. ကောင်စီအရာရှိများက ငွေရေးကြေးရေး ကျပ်တည်းမှုဆိုင်ရာ မူဝါဒ သို့မဟုတ် COVID-19 ငွေရေးကြေးရေး အထောက်အပံ့ဆိုင်ရာ မူဝါဒကို အသုံးပြု၍ သင်၏ လျှောက်လွှာကို အကဲဖြတ်စိစစ်ပါလိမ့်မည်။
5. သင်၏လျှောက်လွှာကို ပြန်လည်သုံးသပ်ပြီးနောက် ရလဒ်ကို ၂၁ ရက်အတွင်း သင့်အား စာဖြင့်အကြောင်းကြားပါလိမ့်မည်။

---

ငွေရေးကြေးရေး ကျပ်တည်းမှုဆိုင်ရာ မူဝါဒနှင့် COVID-19 ငွေရေးကြေးရေး အကူအညီဆိုင်ရာ မူဝါဒတို့ကို ကျွန်ုပ်တို့၏ **www.hobsonsbay.vic.gov.au/Services/Rates** ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

**သင်ဘယ်မှာ အကူအညီရနိုင်မလဲ။**

Financial & Consumer Rights Council of Victoria (FCRC) (ဗစ်တိုးရီးယား ငွေရေးကြေးရေးနှင့် ဝန်ဆောင်မှုရသူ၏ အခွင့်အရေးများဆိုင်ရာ ကောင်စီ) သည် ဗစ်တိုးရီးယားတွင်ရှိသော ငွေရေးကြေးရေးဆိုင်ရာ အတိုင်ပင်ခံများအတွက် အထွတ်အထိပ် အဖွဲ့အစည်းဖြစ်ပြီး သင့်အား ငွေရေးကြေးရေးဆိုင်ရာ အတိုင်ပင်ခံကို ကူညီရှာဖွေပေးနိုင်ပါသည်။ အချက်အလက်များကို ပိုမိုသိရှိအတွက် **www.fcrc.org.au** ၌ကြည့်ပါ။

National Debt Helpline (တစ်နိုင်ငံလုံးဆိုင်ရာ ကြွေးမြီဖြင့် ပတ်သက်သော ကူညီရေးဖုန်းလိုင်း) အဖွဲ့အစည်းသည် ငွေကြေးအခက်အခဲ ကြုံတွေ့နေကြရသူများအား အခမဲ့ လျှို့ဝှက်စွာ အကြံပေးကူညီပါသည်။ အချက်အလက်များကို ပိုမိုသိရှိအတွက် **www.ndh.org.au** ၌ကြည့်ပါ သို့မဟုတ် 1800 007 007 ကို ဖုန်းဆက်ပါ။

HOBSONS BAY
ဘာသာစကားဆိုင်ရာ ဖုန်းလိုင်း

**9932 1212**
ဘာသာစကားပေါင်းစုံအတွက် စကားပြန် ဝန်ဆောင်မှု
သင့်ဘာသာစကားဖြင့် ပြောဆိုဆက်သွယ်နိုင်သော သင်၏ ကောင်စီ

HOBSONS BAY CITY COUNCIL